# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 28 , 2022 Volume 60, Number 18


၂၈.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၉ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၅၅၀၀၀ |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အိန္ဒိယ-မြန်မာကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အမှာစကားပြောကြား



https://www.commerce.gov.mm/my/article/ministers

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ India Centre ၌ ကျင်းပပြုလုပ်ခဲ့သည့် အိန္ဒိယ – မြန်မာ ကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများ၊ အိန္ဒိယနိုင်ငံဈေးကွက်သို့ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိစ္စများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ တက်ရောက်လာသော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။ ဆက်လက်၍ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး မှတ်တမ်းဓါတ်ပုံများရိုက်ကာ အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာ-အိန္ဒိယ ကုန်သည်များအသင်းမှ ကိုယ်စားလှယ် (၄၅) ဦးခန့် တက်ရောက်ကြပါသည်။

**Source:** https://www.commerce.gov.mm/my/article/ministers office/%E1%80% A1%E1%80%AD% E1%80%94%E1%80%B9%E1%80%92% E1%80%AD%E1%80%9A–

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဈေးပြိုင်စနစ်ဖြင့် သက်တမ်းနှစ်နှစ်မှ ငါးနှစ်အတွင်းရှိ အစိုးရငွေတိုက်စာချုပ်တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၁၂၅၂ ဒသမ ၉၀ အသားတင်ရောင်းချခဲ့

၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဈေးပြိုင်စနစ်ဖြင့် သက်တမ်းနှစ်နှစ်မှ ငါးနှစ်အတွင်းရှိ အစိုးရငွေတိုက်စာချုပ်ရောင်းချမှု (၁၁) ကြိမ်ဆောင်ရွက်ခဲ့ရာ ငွေတိုက်စာချုပ်တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၁၂၅၂ ဒသမ ၉၀ အသားတင် ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပြန်သည့် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာအရ သိရသည်။

အစိုးရဘတ်ဂျက်လိုငွေအား အများပြည်သူစုဆောင်းမှုဖြင့် ဖြည့်ဆည်းရန်နှင့် ကာလလတ်နှင့်ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို အားပေးဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ အစိုးရငွေတိုက်စာချုပ်များရောင်းချခြင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသည်။ အစိုးရငွေတိုက်စာချုပ်များကို Scripless system အသုံးပြု၍ အတိုးနှုန်းသတ်မှတ်ချက်မထားဘဲ ဈေးပြိုင်စနစ်ဖြင့် ထုတ်ဝေရောင်းချမှုအား ၂၀၁၆ ခုနှစ် စက်တင်ဘာတွင် စတင်ဆောင်ရွက်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဈေးပြိုင်စနစ်ဖြင့် သက်တမ်းနှစ်နှစ်မှ ငါးနှစ်အတွင်းရှိ အစိုးရငွေတိုက်စာချုပ်ရောင်းချမှု (၁၁) ကြိမ်ဆောင်ရွက်ခဲ့ရာ ငွေတိုက်စာချုပ်တန်ဖိုး ကျပ်သန်းထောင်ပေါင်း ၁၂၅၂ ဒသမ ၉၀ အသားတင်ရောင်းချခဲ့သည်။ ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်စေနိုင်သည့် ဗဟိုဘဏ်က အစိုးရဘတ်ဂျက်လိုငွေအား တိုက်ရိုက်ဖြည့်ဆည်း ပေးခြင်းကို လျှော့ချနိုင်စေရန်နှင့် ထိရောက်သောအစိုးရ ကြွေးမြီစီမံခန့်ခွဲမှု ဖြစ်ပေါ်စေရန်အတွက် သက်တမ်းသုံးလ၊ ခြောက်လနှင့် တစ်နှစ်သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီမှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု ၂၃ ကြိမ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၁၀၇၉၃ ဒသမ ၄၈ ရောင်းချခဲ့ပြီး၊ ရွေးနုတ်မှု ကျပ်သန်းထောင်ပေါင်း ၁၁၅၉၈ ဒသမ ၄၀ ရှိခဲ့သဖြင့် အသားတင်ရောင်းချမှု ကျပ်သန်းထောင်ပေါင်း (-) ၈၀၄ ဒသမ ၉၂ ရှိခဲ့သည်။ အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်အတိုးနှုန်းများကို ဈေးကွက်မှ လေလံတင်သွင်းလာသည့် နှုန်းထားအပေါ်အခြေပြု၍ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/241018

## ပခုက္ကူသီးနှံဈေးကွက်အတွင်း နှမ်းအသစ်များ စတင်ဝင်ရောက်နေပြီး ထိပ်စနှမ်းများ တစ်တင်း ၇၅၀၀၀ ကျပ် ပေါက်ဈေးရှိ

ပခုက္ကူသီးနှံဈေးကွက်အတွင်း ယခုနိုဝင်ဘာလကုန်ပိုင်းမှစ၍ နှမ်းအသစ်များ စတင်ဝင်ရောက်နေပြီး ထိပ်စနှမ်းများ တစ်တင်း ၇၅၀၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်း ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

လက်ရှိတွင် တောင်သူများမှာ နှမ်းရိတ်သိမ်းဆဲဖြစ်သည့်အတွက် ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု နည်းပါးနေသေးပြီး နိုဝင်ဘာလ ၂၆ရက်နေ့တွင် နှမ်းနက်စမုံရှယ် တစ်တင်း ၇၅၀၀၀ ကျပ် ၊ နှမ်းနက်စမုံ(ပုံမှန်) တစ်တင်း ၆၀၀၀၀ ကျပ်မှ ၇၂၀၀၀ ကျပ်ပေါက်ဈေးရှိကြောင်းသိရသည်။ "အခုမှ အိတ်အပိုင်းဆယ်ဂဏန်းလောက်ပဲဝင်သေးတယ်။ နောက်ရက်ဆိုရင်တော့ ကုန်ဝင်များလာမှာပါ။ အခုမှ အရောင်းအဝယ်စတာဆိုတော့ ပုံမှန်ပဲရောင်းကြဝယ်ကြတယ်။ လိုင်းသမားလည်း မဝယ်သေးဘူး။ လှောင်သမားလည်း ဈေးကွက်အခြေအနေ လေ့လာတုန်းပဲရှိသေးတယ်။ ကုန်ဝင်ကလည်း နယ်မစုံသေးဘူး။ လောလောဆယ် ရေစကြိုနဲ့မြိုင်ဖက်က လာရောင်းကြတယ်" ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မိုးရရှိမှု အခြေအနေ၊ မြေဆီမြေသြဇာထည့်သွင်းနိုင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားပြီး အများစုမှာ အထွက်နှုန်းပုံမှန်သာရှိကြောင်း တောင်သူများထံမှသိရသည်။ "ကျွန်တော်တို့ ရေစကြိုဖက်ခြမ်းတော့ နောက်မိုး တစ်မိုး လိုသွားလို့ နှမ်းကသိပ်မဖြစ်ဘူး။ အပင်မဖြစ်သလို အသီးလည်းနည်းတယ်။ ပခုက္ကူဖက်ခြမ်းတွေတော့ မိုးကောင်းလို့ နှမ်းတွေ

အပင်ဖြစ်ကောင်းတယ်။ သူတို့လည်းမြေဆီက တစ်အိတ် တစ်သိန်းကျော်ဆိုတော့ သိပ်မသုံးနိုင်ဘူး။ စမုံနှမ်းက မြေဆီတအား သုံးရတယ်။ မြေဆီမထည့်နိုင်ရင် အထွက်ညံ့တယ်။ နှမ်းဈေးနဲ့ စိုက်စရိတ်တွက်ရင် သိပ်မကိုက်ပါဘူး ” ဟု ရေစကြိုမြို့နယ်မှ တောင်သူတစ်ဦးကပြောသည်။

ပခုက္ကူဒေသတစ်ဝိုက် ကုန်းယာမြေစိုက်တောင်သူများမှာ မိုးနှောင်းနှမ်းအား အဓိကထားစိုက်ပျိုးလေ့ရှိသော်လည်း ယခုနှစ်တွင် မြေပဲပိုမိုစိုက်ပျိုးခြင်းနှင့် ဈေးရရှိသည့် ပဲစင်းငုံသီးနှံအား ပြန်လည်စိုက်ပျိုးလာကြောင်း သိရသည်။

**Source:** https://news-eleven.com/article/240985

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လခွဲအတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၁၉၆ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၄၃ ဒသမ ၉၉၆ သန်း ပိုမိုရရှိ

လက်ရှိဘဏ္ဍာနှစ် ခုနစ်လခွဲအတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၂၁၉၆ သန်းကျော်ရရှိပြီး ယခင်နှစ် ကာလတူထက် ဝင်ငွေဒေါ်လာ ၄၃ ဒသမ ၉၉၆ သန်း ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၁၉၆ ဘီလျံ ကျော်ရရှိသည်။ ယခင်နှစ်ကာလတူက ဒေါ်လာ ၂ ဒသမ ၁၅၂ ဘီလျံကျော်ရရှိသည်။ အဆိုပါကာလတူ နှစ်ခုကိုနှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ခုနစ်လခွဲအတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေမှာ ယခင်နှစ် ကာလတူထက် ဒေါ် လာ ၄၃ ဒသမ ၉၉၆ သန်း ပိုမိုရရှိခဲ့သည်။

ဘဏ္ဍာနှစ်အလိုက် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ရငွေအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၃၇၂ ဒသမ ၅၆၁ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၆၉၆ ဒသမ ၇၃၆ သန်း၊ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၆၆၁ ဒသမ ၀၁၁ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ၂၉၁၉ ဒသမ ၆၅၈ သန်း၊၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၆၁၅ ဒသမ ၇၇၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ၂၉၂၈ ဒသမ ၁၀၁ သန်း၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၀၈၇ ဒသမ ၁၂၃ သန်း၊၂၀၁၈ Mini Budget အတွင်း ဒေါ်လာ၁၂၇၈ ဒသမ ၇၅၉ သန်း၊၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၂၆၁ ဒသမ ၅၉၁ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၇၂၅ ဒသမ ၆၉၈ သန်း၊၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၄၆၂၄ ဒသမ ၁၂၆ သန်း ရရှိခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမှာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ တစ်ရာခိုင်နှုန်းအောက်သာရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့ပါဝင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/240998

## ၂၀၂၂ – ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ပြည်ပဆန်တင်ပို့မှု လျာထားချက်ပြည့်မီအောင်တင်ပို့နိုင်ပြီး ဝင်ငွေပိုမိုရရှိနိုင်ကြောင်း ဆန်စပါးအသင်းတာဝန်ရှိသူပြော

၂၀၂၂ –၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ပြည်ပဆန်တင်ပို့မှု လျာထားချက်ပြည့်မီနိုင်ပြီး ဝင်ငွေပိုမိုရရှိလာနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှု လျာထားချက်အနေဖြင့် ဆန်တန်ချိန် (၂) သန်း တင်ပို့ရန်လျာထားပြီး လစဉ်တန်ချိန် (၂) သိန်းခန့် ပုံမှန်တင်ပို့နေကြောင်း သိရသည်။ “လျာထားချက်ကို ပြည့်မီအောင်တင်ပို့နိုင်မှာဖြစ်ပါတယ်။ ပြီးတော့ ဝင်ငွေရရှိမှုအနေနဲ့လည်း ပိုမိုတိုးမြင့်ရရှိနိုင်မယ့် အခြေအနေဖြစ်ပါတယ် ” ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ် ၊ EU နိုင်ငံများ ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုများ လုပ်ဆောင်နေခြင်းဖြစ်ပြီး လစဉ်ဆန်တင်ပို့မှ အမေရိကန်ဒေါ်လာသန်း (၈၀) ခန့် ဝင်ငွေရရှိနေကြောင်းလည်း သိရသည်။

ယခုနှစ် ဘဏ္ဍာနှစ်အတွင်း လက်ရှိကာလအထိ ပြည်ပဆန်နှင့် ဆန်ကွဲတင်ပို့မှု တန်ချိန် (၁) သန်းကျော် တင်ပို့ထားပြီး ပို့ကုန်ရငွေအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၅၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်များအရ သိရသည်။

အဆိုပါ တင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ် ကာလတူတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် (၃) သိန်းဝန်းကျင် ပိုမိုတင်ပို့ထားနိုင်ပြီး ကန်ဒေါ်လာသန်း (၇၀) ဝန်းကျင် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်များမှ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ပြည်တွင်း၌ ဆန်ထုတ်လုပ်နိုင်မှု တိုးတက်လာစေရေးအပြင် ဆန်အရည်အသွေးပြည့်မီသည့်ဆန်များ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

Source: https://www.popularmyanmar.com/?p=93101

## ကမ္ဘောဒီးယား ငရုတ်ကောင်းနှင့်ရေထွက်ပစ္စည်းများအား တရုတ်သို့တင်ပို့မည်



AKP

https://www.popularmyanmar.com/?p=92935



AKP

https://www.popularmyanmar.com/?p=92935

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ ငရုတ်ကောင်းနှင့် သဘာဝရေထွက်ကုန်များကို တရုတ်ဈေးကွက်သို့ တိုက်ရိုက် တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကောက်ခွန်ဌာနမှ ကမ္ဘောဒီးယားထုတ်ကုန်နှစ်ခုအတွက် ဓာတုဆေးဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ သီးခြားကြေငြာချက်များ ထုတ်ပြန်ပြီးနောက် တိုက်ရိုက်တင်ပို့မှုကို စတင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ငရုတ်ကောင်းနှင့်သဘာဝရေထွက်ကုန်များအား တရုတ်နိုင်ငံသို့တင်ပို့မည့် ပို့ကုန်လုပ်ထုံးလုပ်နည်းများအားလုံးကို မကြာမီအပြီးသတ်တော့မည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အထိ အမေရိကန်ဒေါ်လာ ၁,၉၄၂ သန်း တန်ဖိုးရှိသည့် စိုက်ပျိုးရေးထွက်ကုန် တန်ချိန် ၂ ဒသမ ၄ သန်းကျော်အား တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ခဲ့သည်။

ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့် လယ်ယာထွက်ကုန်ပစ္စည်းများမှာ ငှက်ပျော၊ ဆန်၊ ပီလောပီနံခြောက်၊ ပီလောပီနံမှုန့်၊ ရော်ဘာစေး၊ သရက်သီး၊ သရက်ယို၊ သီဟိုဠ်စေ့နှင့် ကိုကိုးမှုန့်များဖြစ်သည်။

Source : Khmertimes

https://www.popularmyanmar.com/?p=92935

## ဧပြီ (၁) ရက်မှ နိုဝင်ဘာလထိ လုပ်ငန်းသုံးကုန်ကြမ်း ကန်ဒေါ်လာ ၄၉၃၄ သန်းဖိုး ပြည်ပနိုင်ငံများမှတင်သွင်းထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ (၁) ရက်မှ နိုဝင်ဘာလ (၁၁) ရက်အထိ ပြည်ပနိုင်ငံများမှ လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းတင်သွင်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄,၉၃၄ သန်းဖိုး တင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ယင်းသို့ တင်သွင်းရာတွင် နိုင်ငံပိုင်ကဏ္ဍအနေဖြင့် တင်သွင်းမှုမှာ အမေရိကန် ဒေါ်လာ (၇၂) သန်းဖိုး တင်သွင်းထားပြီး ပုဂ္ဂလိကပိုင်ကဏ္ဍအနေဖြင့် တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၄၈၆၂ သန်းဖိုး တင်သွင်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံပေါင်း (၂၀) ဝန်းကျင်မှ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့်စက်မှုကဏ္ဍအတွက် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု ဦးစီးဌာနမှ တာဝန်ရှိသူ၏ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းဌာနမှ သတင်းထုတ်ပြန်ထားသည်။ ယင်းသို့ တင်သွင်းခဲ့မှုမှာ ၂၀၂၂ ခုနှစ် ဧပြီ (၁) ရက်မှ နိုဝင်ဘာ (၁၁) ရက်အထိ တင်သွင်းခဲ့သည့် ကုန်ကြမ်းပစ္စည်းများမှာ စက်မှု လုပ်ငန်းအတွက် ချည်မျှင်နှင့်အထည်အလိပ်များ ၊ စက်သုံးဆီနှင့်ဆက်စပ်ပစ္စည်းများ ပါဝင်ကြောင်းသိရသည်။

ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်း တင်သွင်းခဲ့ကြောင်း ကုန်သွယ်မှုဦးစီးဌာနမှ တာဝန်ရှိသူကပြောကြားထားသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစသည့် သွင်းအားစုပစ္စည်းများတင်သွင်းနေပြီး စားသောက်ကုန်လုပ်ငန်းများအတွက် ဂျုံနှင့်စားသုံးဆီများ တင်သွင်းလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများမှ ကုန်ပစ္စည်းတင်သွင်းမှုတွင် ရေနံထွက်ပစ္စည်းတင်သွင်းမှုသည် ပထမ နေရာတွင်ရှိပြီး ချည်မျှင်နှင့်အထည်အလိပ်တင်သွင်းမှုသည် ဒုတိယနေရာတွင်ရှိနေကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=92905

## ချင်းရွှေဟော်ကုန်သွယ်ရေးဂိတ်မှ ပြောင်းတန်ချိန် ၅၇၀၀ ကျော်တင်ပို့



Source: မကွေးဂျာနယ်

မြန်မာ-တရုတ်နယ်စပ်၊ ချင်းရွှေဟော်ကုန်သွယ်ရေးဂိတ်မှ တရုတ်ဘက်သို့ ဘိန်းအစား ထိုးသီးနှံပါမစ်ဖြင့် မြန်မာ့ပြောင်းတန်ချိန် ၅၇၄၀ ကို နိုဝင်ဘာလအတွင်း တင်ပို့ နိုင်ခဲ့ရာ တရုတ်ဘက်မှ ခွင့်ပြုချက်ပေးသည့် GACC အရ တင်ပို့မှုနှင့်မသက်ဆိုင်ကြောင်းသိရ သည်။

ထိုသို့ ပြောင်းတင်ပို့မှုကို နိုဝင်ဘာ ၂ ရက်နေ့မှစတင်၍ ဘိန်းအစားထိုးသီးနှံပါမစ်ဖြင့် တင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်အတွင်း ယခုကဲ့သို့ တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ "ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ ကချင် ပြည်နယ်ဘက်က ဘိန်းအစားထိုးသီးနှံအနေနဲ့ ပြောင်းတန်ချိန် ၂၄၀၀၀ တင်သွင်းခွင့်ပေးခဲ့တယ်။ နိုဝင်ဘာလအတွင်းမှာ တင်ပို့ခဲ့တာက ဘိန်းအစားထိုးသီးနှံပါမစ်နဲ့ပါ။ GACC နဲ့တင်ပို့မှုက သီးသန့်ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်း အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြောင်းများကို GACC ဖြင့် တင်ပို့မှုများဆောင်ရွက်လျက်ရှိသည့်အပြင် အောက်တိုဘာလမှစတင်၍ ပင်လယ်ရေကြောင်း မှ တရားဝင်စမ်းသပ်တင်ပို့လျက်ရှိရာ နိုဝင်ဘာလ ဒုတိယသီတင်းပတ်အထိ တန်ချိန် ၁၀၀၀၀ ဝန်းကျင် တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။ "ပြည်ပကို ပြောင်းတင်ပို့ရာမှာ ဈေးနှုန်းအားသာချက်နဲ့တင်ပို့မှု ကုန်ကျစရိတ်ပေါ်မူတည်တယ်။ ဆိုလိုတာက ရင်းနှီးကုန်ကျ စရိတ်တွေအပေါ် ထိုက်သင့်တဲ့ အကျိုးအမြတ်ရတဲ့ဘက်ကို တင်ပို့ကြမှာပဲ။ ရှမ်းပြည်နယ်ကဆိုရင် မြဝတီနဲ့နီးတော့ တင်ပို့မှုကုန်ကျစရိတ် Logistic Cost သက်သာမယ့် ထိုင်းဘက်တင်ပို့ကြမယ်"ဟု မြန်မာနိုင်ငံ၊ ပြောင်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။

ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သောပြောင်းများကို လမ်းပန်းဆက်သွယ်ရေးနှင့် ဈေးနှုန်းအနေအထားပေါ်မူတည်၍ တင်ပို့ကြကြောင်း၊ ရှမ်းပြည်နယ်ဒေသများမှ ပြောင်းများမှာ ၎င်းတို့နှင့်နီးစပ်၍ ဈေးကောင်းပေးသော တရုတ်ဘက်သို့ တင်ပို့ ကြပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ထိုင်းဘက်သို့ တင်ပို့ကြကြောင်းသိရသည်။

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် တန်ချိန် ၃ ဒသမ ၅ သန်းဝန်းကျင်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၈ သိန်းဖြစ်၍ ပြည်ပတင်ပို့မှုမှာ တန်ချိန် ၂ သန်းကျော်ရှိကြောင်း၊ ပြီးခဲ့သည့် မိုးရာသီမှထွက်ရှိသော ပြောင်းများမှာ စိုက်ပျိုးစရိတ်ကုန်ကျမှုမြင့်တက်ခြင်းကြောင့် သွင်းအားစုလျှော့ချသုံးစွဲခဲ့သည့်အတွက် အရည်အသွေးကျဆင်းခဲ့ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်း၌ ငရုတ်သီးစိမ်း(အစို)များ ဈေးကျနေပြီး ပြည်ပဝယ်လိုအားနည်းနေ



Source: မကွေးဂျာနယ်

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသော ငရုတ်သီးစိမ်း(အစို)မှာ ဈေးကျဆင်းနေပြီး ပြည်ပဈေးကွက် ပေါက်ဈေးနှင့် တွက်ခြေမကိုက်ဖြစ်နေပြီး နယ်စပ်ကုန်သွယ်မှုဂိတ်များ အခြေအနေကြောင့် ဝယ်လိုအားနည်းနေကြောင်း ငရုတ်တင်ပို့သူအချို့ ထံကသိရသည်။

ပြည်ပဈေးကွက်သို့ အများဆုံးတင်ပို့သော ဖ၉၂ ငရုတ်အစိုမျိုးဖြစ်ပြီး လက်ရှိပြည်တွင်း၌ ကျဆင်းသည့်ပေါက်ဈေးက ပြည်ပပေါက်ဈေးနှင့် တွက်ခြေမကိုက်၍ ငရုတ်သီးတင်ပို့သူများလည်းနည်းနေကြောင်း မြန်မာနိုင်ငံငရုတ်သီး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။

"မြန်မာပြည်အလယ်ပိုင်းမှာစိုက်တဲ့ ဖ၉၂ ငရုတ်ကို တရုတ်နဲ့ထိုင်းကဝယ်တယ်။ ဧရာဝတီဘက်မှာစိုက်တဲ့ F-၁ ငရုတ်ကို မလေးရှားကဝယ်တယ်။ ခုချိန်မှာ ငရုတ်ကစထွက်တဲ့အချိန် ဖြစ်နေတာကြောင့် ပြည်တွင်းပေါက်ဈေးနဲ့ ပြည်ပပေါက်ဈေးက မကွာတော့ ပြည်ပတင်ပို့တာ မရှိသလောက်ပါ။ နယ်စပ်က ငရုတ်ပွဲရုံတွေလည်း နည်းကုန်ပြီ " ဟု ၎င်းကပြောသည်။

နိုဝင်ဘာ ၂၂ ရက် ပြည်တွင်း ငရုတ်သီးစိမ်း(အစို)ဈေးကွက်ကို ဧရာဝတီတိုင်းဒေသကြီးတွင် တစ်ပိဿာ ငွေကျပ် ၃၄၀၀ ဝန်းကျင်နှင့် ပြင်ဦးလွင်ဒေသတွင် ငွေကျပ် ၃၅၀၀ ပေါက်ဈေးရှိကြောင်း၊ ငရုတ်သီးထွက်ရှိရာဒေသများမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပြင်ဦးလွင်၊ ရှမ်းပြည်နယ်ဒေသအချို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိကြောင်းသိရသည်။ "ငရုတ်အစိုဈေးမကောင်းဘူးဆိုပေမယ့် အခြောက်မှာ ဈေးကောင်း ရနိုင်တာမျိုးလည်း ရှိတယ်။ ပြင်ဦးလွင်ဘက်မှာဆိုရင် အုန်းမခါးမှာ စိုက်တယ်။ မြေလှန်စနစ်နဲ့ မြေပြုပြင်တာမလုပ်ဘဲ အထပ်ထပ်စိုက်တော့ ငရုတ်မျိုးတုံးလာတယ်။ ဘယ်သီးနှံစိုက်စိုက် မြေလှန်စနစ်သုံးရတယ်။ ထိုင်းမှာဆိုရင် တစ်ခါစိုက်ပြီးရင် ၃ နှစ်လောက် မစိုက်ဘဲ မြေလှန်တာ၊ မြေပြုပြင်တာလုပ်တော့ သူတို့ငရုတ်က ဈေးကောင်းရတယ်"ဟု ဆက်လက်ပြောကြားသည်။

ငရုတ်သီးဈေးကွက်တွင် ပြီးခဲ့သည့် ကိုဗစ်မတိုင်မီက ပြည်ပ ဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ဝန်းကျင်နှင့် အနည်းဆုံးမှာ ၇၅၀၀ ကျပ်ရရှိခဲ့ကြောင်း၊ လက်ရှိတွင် ငရုတ်သီးဈေးမှာ ငွေကျပ် ၃၅၀၀ ဝန်းကျင်သာရှိသဖြင့် သွင်းအားစုများ ဈေးမြင့်မားမှုနှင့် စိုက်ပျိုးစရိတ်များကြောင့် တွက်ခြေမကိုက်ဖြစ်နေသည်ဟု သိရသည်။

**Source: မကွေးဂျာနယ်**

## အသစ်ဝင် နှမ်းမျိုးစုံဈေးကောင်းရ၊ ပို့ကုန်ပဲများနှင့်အတူ ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးကျဆင်းနေ

အသစ်ဝင် နှမ်းမျိုးစုံ ဈေးကောင်းရပြီး၊ ပို့ကုန်ပဲများနှင့်အတူ ကုလားပဲအုပ်စု ဈေးကျဆင်းနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံကသိရသည်။ အသစ်ဝင် နှမ်းမျိုးစုံဈေးကွက်မှာ အကောင်းဆုံးမဟုတ်သော်လည်း တစ်အိတ် ငွေကျပ် ၂၇၀၀၀၀ ထိရရှိနေကြောင်း၊ နှမ်းအဟောင်းများမှာ ပေါက်ဈေးကျဆင်းနေကြောင်း၊ မြေပဲဆန် ဈေးများလည်း ဈေးမြင့်တက်ခြင်းမရှိသော်လည်း အရောင်းအဝယ်ကောင်းနေကြောင်း ပြည်တွင်းလှောင်လက် အချို့တွင်သာ လက်ကျန်ပစ္စည်းရှိတော့တာကြောင့် ဈေးဆက်လက်မြင့်တက်နေခြင်းဖြစ်ကြောင်း ပဲ၊ နှမ်းများ ပို့ကုန်အကုန်အဖြစ်တင်ပို့ရာမှာ ဒေါ်လာဖြင့်သာ ပေးချေရန် သက်မှတ်ချက်က အဝယ်သမားများအတွက် အခက်အခဲရှိကြောင်း၊ ပို့ကုန်ပဲများ အရောင်းအဝယ်အေးတာနှင့်

အတူ ပြည်တွင်းသုံးကုလားပဲအုပ်စုလည်း ဈေးကျဆင်းနေကြောင်း ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"နှမ်းမျိုးစုံဈေးကွက်ကတော့ အဝင်များနေတော့ တစ်အိတ်ငွေကျပ် ၂၇၀၀၀၀ ဈေးက အမြင့်ဆုံးဖြစ်နေတယ်။ တောင်သူတွေအနေနဲ့ တစ်အိတ်ငွေကျပ် သုံးသိန်းလောက်ဆိုပျော်ပါတယ်။ လက်ရှိမှာတော့ မန္တလေးအထက်ပိုင်း နှမ်းအသစ်တွေက ဈေးကောင်းရနေတာပါ။ အရင်ဝင်ထားတဲ့ နှမ်းအဟောင်းတွေက တစ်အိတ်ငွေ ကျပ် ၂၃၀၀၀၀ လောက်သာ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ဈေးကောင်းနေတဲ့ ကုလားပဲကတော့ တစ်အိတ် ငွေကျပ် ၂၀၀၀၀၀ နီးပါးထိ ဈေးကောင်းနေတာကနေ ဒီရက်ပိုင်းမှာတော့ ဈေးပြုတ်ကျသွားတယ်။ V2 တစ်အိတ်ငွေကျပ် ၁၉၂၀၀၀ ထိ ဈေးကျဆင်းနေတယ်။ ပဲတီစိမ်းလည်း တစ်အိတ် ငွေကျပ် ၁၄၅၀၀၀ ဈေးကတော့ တန်းနေတာပါ။ မြေပဲဆန်ကတော့ အသစ်ဝင်များနေတော့ ဆီဆန်တစ်ပိဿာငွေကျပ် ၄၇၀၀-၄၈၀၀ အများဆုံးပါ။ လုံးဆန်တစ်ပိဿာ ငွေကျပ် ၅၃၀၀-၅၄၀၀ ဈေးမတက်ပေမယ့် အဝင်ရှိသလောက် အရောင်းအဝယ်သွက်ပါတယ်။ မတ်ပဲဈေးကတော့ ငွေကျပ် ၁၇၂၀၀၀-၁၇၃၀၀၀ လောက်ပဲ ပေါက်ဈေးဖြစ်နေတယ်။ ပဲစင်းငုံလည်း ငွေကျပ် ၁၇၃၀၀၀- ၁၇၅၀၀၀ သာ ပေါက်ဈေးရှိတယ်။ အဝယ်အေးတာပါ။ ပြည်တွင်းသုံး ပဲမာလိုင်းကတော့ ခပ်အေးအေးပါ။ တရုတ်လိုင်း အဝယ်ပစ္စည်းတွေကို တင်ပို့ရောင်းချရာမှာ ပဲ၊ နှမ်းကို ဒေါ်လာနဲ့သာ ရောင်းချတာမျိုးဖြစ်နေတော့ အဝယ်သမားတွေအနေနဲ့ အခက်အခဲဖြစ်နေတော့ အဝယ်ကမသွက်ဘူးဖြစ်နေတာပါ။ ဒေါ်လာငွေဈေးကလည်းငြိမ်နေတော့ ပို့ကုန်အရောင်းတန်ဖိုးကျတော့ တက်မလာတာမျိုးပါ။ လက်ရှိမှာ အရောင်းအဝယ်မှာ ဒေါ်လာကြားခံအစားယွမ်နဲ့ဆို ပိုကောင်းလာမှာပါ။ အခုတော့ တရုတ်လိုင်းပို့ကုန်ပစ္စည်းတွေ အေးနေလိမ့်မယ်"ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

နိုင်ငံခြားပဲတင်ပို့မှု မူဝါဒအပြောင်းအလဲကိုစောင့်ကြည့်ရင်း အရောင်းအဝယ်လုပ်နေသည့် အခြေအနေဖြစ်တာကြောင့် ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးကွက်ကျဆင်းနေခြင်းဖြစ်ရာ နိုဝင်ဘာ ၂၃ ရက်နေ့တွင် မတ်ပဲသုံးတင်းဝင် တစ်အိတ် ငွေကျပ် ၁၇၀၀၀၀၊ ပဲစင်းငုံတစ်အိတ်ငွေကျပ် ၁၈၀၀၀၀ သာ ပေါက်ဈေးဖြစ်နေသည်။ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

**မြေပဲ**

အသစ်မြေပဲဆန်အဝင် အားကောင်းနေတာကြောင့် လက်ရှိမှာ ဈေးမြင့်တက်နိုင်ခြင်းမရှိကြောင်း လက်ရှိမှာ စားအုန်းဆီဈေးကွက်မှာလည်း ဈေးကျဆင်းနေတာကြောင့် နိုဝင်ဘာ ၂၃ ရက်တွင် ထိပ်စမြေပဲဆန်မှာ ငွေကျပ် ၅၄၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်သွက်နေပြီး ဆီဆန်မှာ တစ်ပိဿာငွေ ငွေကျပ် ၅၃၀၀-၅၄၀၀ ပေါက်ဈေးရှိနေသည်။ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ပေါက်ဈေးရှိနေသည်။

ပို့ကုန်ပဲများ အရောင်းအဝယ်အေးချိန်တွင် ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ် ပြန်လည်ကျဆင်းသွားရာ နိုဝင်ဘာ ၂၃ ရက်တွင် ကုလားပဲ V2တစ်အိတ်လျှင် ငွေကျပ် ၁၉၂၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ ပေါက်ဈေးဖြစ်နေသည်။

Source: **မကွေးဂျာနယ်**

# STOCK EXCHANGE (28.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +100 | +1.10% | 8,800 | 9,200 | 8,800 | 609 | 5,399,200 | 33,109,694 | 304,609 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,350 | 513 | 1,718,550 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 824 | 16,065,500 | 2,472,053 | 46,969 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 12,823,224 | 34,623 |
| EFR | 00006 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 250 | 650,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 154 | 754,600 | 10,497,598 | 51,438 |


## Market summary

As of 28th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.43 | -1.68 | -0.42% | 402.99 | 403.58 | 395.97 | 2,352 | 24,593,250 | 7 | 700,081 |

**Index chart**




# Market Overview

## Main Board

As of 1:00 pm, 28th Nov. 2022

| MYANPIX | 402.43 ▼ 1.68 |
|---|---|
| Total Volume (shares) | 2,352 |
| Total Value (MMK) | 25 mil |
| Listed Company | 7 |
| Market Cap. (MMK) | 700,081 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 100 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,600 | ▼ 100 |
| AMATA | 00007 | 4,900 | ▼ 100 |